# آداب السفر وأحكامه )للجمعية(

# ခရီးသွားခြင်းဆိုင်ရာ

# စည်းကမ်းများနှင့်

# အမိန့်ပညတ်ချက်များ

# ခရီးသွားခြင်းဆိုင်ရာ စည်းကမ်းများနှင့် အမိန့်ပြည့်တ်ချက်များ

ချီးမွမ်းထောမနာပြုခြင်းအပေါင်းသည် စကြဝဠာခပ် သိမ်းကို ဖန် ဆင်းမွေးမြူတော်မူသော အလ္လာဟ်အရှင်မြ တ်အဖို့သာဖြစ်သည်။ ကျွန်ုပ်တို့၏ နဗီတမန်တော် မုဟမ္မဒ် နှင့် ကိုယ်တော်၏ အိမ်တော်သူ အိမ်တော်သားများ၊ အ ဆွေ တော်သာဝကကြီးများအားလုံးအပေါ်သို့ အလ္လာဟ်အ ရှင်မြတ်ဘက်တော်မှ ကောင်းချီးမင်္ဂလာနှင့် ငြိမ်းချမ်းသာ ယာမှုများ ကျရောက်ပါစေ။

ချီးမွမ်းထောမနာ မေတ္တာပို့သပြီးနောက် -

ဤသည် ခရီးသွားခြင်းဆိုင်ရာ စည်း ကမ်းများနှင့် အမိ န့်ပြည့်တ်ချက်များအကြောင်းအကျဉ်း ချုံးတင်ပြထား သော စာအုပ်ငယ်တစ်အုပ်ဖြစ်သည်။ ကျွန်တော့်အနေဖြင့် ဤစာအုပ်ထဲတွင် ခရီး သွားသူတစ်ဦးအ တွက် အများအား ဖြင့်လိုအပ်သော အကြောင်းအရာများကို ရှင်းလင်းတင်ပြ ရန် အထူးဂရုပြုထားပါသည်။

ကျွန်တော်မျိုးသည် အလ္လာဟ်အရှင်မြတ်ထံတော်၌ ဤရေးသားမှုကို အရှင်မြတ်နှစ်မြို့မှုအတွက်သာ ဖြစ်စေရန်နှင့် ၎င်းအားအကြောင်းခံပြီး မွတ်စ်လင်မ်များအား အကျိုးဖြစ်ထွန်းစေရန် ဆုတောင်းပတ္တနာပြုပါသည်။

ဘာသာစကားအမျိုးမျိုးဖြင့် အစ္စလာမ့်အကြောင်းအရာများ ဝန်ဆောင်မှုပေးရေးအသင်း၏ ပညာရေးကော်မတီ

## ပထမ - ခရီးသွားခြင်းဆိုင်ရာ စည်း ကမ်းချက်များ

ဟဂျ် သို့မဟုတ် အ ခြားသော ဘာသာရေးခရီးစဉ်များအ တွက် ခရီးထွက်သူသည် အောက်ပါအ ချက်များကို အလေးထားရန် လိုအပ်သည်။

(၁) ခရီးသွားမည့်သူအနေဖြင့် ခရီးထွက်မည့်အချိန်၊ အစီး အနင်း၊ ခရီးဖော်၊ လမ်းအများအပြားရှိပါက သွားသင့်သည့် လမ်းကြောင်း စသည်တို့နှင့်ပတ်သတ်၍ အလ္လာဟ်အရှင်မြတ်ထံတော်၌ အိစ်သိခါရဟ် (ကောင်းမှုအားတောင်းခံခြင်း) ပြုလုပ်ရမည်။ ထို့နောက် အ တွေ့အကြုံရှိပြီးကျွမ်း ကျင်သူများနှင့် တိုင်ပင်ဆွေးနွေး ရမည်။ ဟဂျ်နှင့် အွ

မ်ရာ၏ ခရီးစဥ္ျဖစ္ပါက (အိစ္သိခါရဟ္ျပဳရန္မလိုပါ) အ
ေၾကာင္းမွာ ယင္းခရီးစဥ္ႏွစ္ခုသည္ ဒြိဟသံသယမရွိ ေကာ
င္းေသာ ခရီးစဥ္သာလွ်င္ျဖစ္ သည္။ အိစ္သိခါရဟ္ ျပဳလုပ္
ရမည့္ပုံစံမွာ - ဆြလာသ္ ႏွစ္ရကအသ္ ဝတ္ျပဳရမည္။ ထို႔
ေနာက္ တမန္ေတာ္ျမတ္ (صلى الله عليه وسلم)ထံမွ ဆင့္ျပန္
လာရွိေသာ အိစ္သိခါရဟ္၏ ဒုအာကို ေတာင္းခံရမည္။

(၂) ဟဂ်္ႏွင့္ အြမ္ရာ ျပဳလုပ္သူသည္ မိမိ၏ ဟဂ်္ႏွင့္ အြ
မ္ရာကို အလႅာဟ္အရွင္ျမတ္ ၏ ႏွစ္ၿမိဳ႕မႈရရန္၊ အရွင္ျမတ္
ႏွင့္ နီးကပ္မႈရရန္အ တြက္ ရည္စူးရန္ အေရးႀကီးသည္။
ေလာကီအက်ိဳးခံစားရန္၊ ဂုဏ္ တုဂုဏ္ၿပိဳင္လုပ္ရန္၊ ဂုဏ္ပု
ဒ္မ်ားကို ပိုင္ဆိုင္ႏိုင္ရန္၊ ျပစားရန္၊ ေက်ာ္ ၾကားရန္အတြက္
ရည္႐ြယ္ျခင္းကို အထူးသတိထားေရွာင္ၾကဥ္ရမည္။ အဘ
ယ္ေၾကာင့္ဆိုေသာ္ ထိုအရာမ်ားသည္ အမလ္ေကာင္းမႈ
မ်ား အခ်ည္းအနီးျဖစ္သြားရျခင္းႏွင့္ လက္ခံသေဘာတူမႈ
မခံရျခင္း၏ အ

ေၾကာင္းခံမ်ားျဖစ္

သည္။

﴿قُلۡ إِنَّمَآ أَنَا۠ بَشَرٞ مِّثۡلُكُمۡ يُوحَىٰٓ إِلَيَّ أَنَّمَآ إِلَٰهُكُمۡ إِلَٰهٞ وَٰحِدٞۖ فَمَن كَانَ يَرۡجُواْ لِقَآءَ رَبِّهِۦ
فَلۡيَعۡمَلۡ عَمَلٗا صَٰلِحٗا وَلَا يُشۡرِكۡ بِعِبَادَةِ رَبِّهِۦٓ أَحَدَۢا﴾

"(အို-နဗီတမန်တော်) အသင်သည် (၎င်းတို့အားဤသို့)ပြောကြားပါလေ။ (အချင်းတို့) ငါသည် အ သင်တို့ကဲ့သို့ပင် လူသားတစ်ဦးမျှသာလျှင်ဖြစ် သည်။ အသင်တို့၏ ကိုးကွယ်ရာအရှင်မြတ်သည် တစ်ဆူတည်းသော ကိုးကွယ်ရာအရှင်မြတ်ပင် ဖြစ်တော်မူကြောင်း၊ ငါ့ထံသို့ ဝဟီအ မိန့်တော်ကျရောက် လာ(ခြင်းသည်သာလျှင်ငါ၏ ထူးခြားချက်ဖြစ်) ချေသည်။ သို့ဖြစ်ပေရာ မိမိအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်နှင့်တွေ့ဆုံရန် မျှော်လင့်လျက် ရှိသောသူသည်ကောင်းမြတ်သောအကျင့်သီလများကို ကျင့်မူဆောက် တည်ရပေမည်။ ၎င်းပြင် ထိုသူသည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အားခဝပ်ကိုးကွယ်ရာ၌ မည်သူတစ်ဦးတစ်ယောက်ကိုမျှပင် တွဲဖက်ယှဉ်တွဲ (ကိုးကွယ်)ခြင်းမပြုရချေ။" (စူရဟ် ကဟ်ဖ် - ၁၁၀) ဟ ဒီးဆ် ကုဒ်စီ၌ လာရှိသည်။

«أَنَا أَغْنَى الشُّرَكَاءِ عَنِ الشِّرْكِ، مَنْ عَمِلَ عَمَلًا أَشْرَكَ فِيهِ مَعِي غَيْرِي تَرَكْتُهُ وَشِرْكَهُ» [1].

"ငါအရှင်မြတ် သည် ဖက်စပ်ကိုးကွယ်သူတို့၏ ဖက်စပ်ကိုးကွယ်ခြင်းမှ ကင်းရှင်းတော်မူသည်။ အ ကြင်သူသည်

အမလ်ကောင်းမှုပြုလုပ်ရာတွင် ငါအရှင်မြတ်နှင့်အတူ အခြားတစ် စုံတစ်ရာကို ဖက် စပ်ကိုးကွယ်ခဲ့လျှင် ငါအရှင်မြတ်သည် ထိုသူနှင့် သူ၏ဖက်စပ်ကိုးကွယ်မှုကိုပါ စွန့်ပစ်တော်မူသည်။" (၁)[1]

(၃) ဟဂ်ျနှင့် အွမ်ရာပြုလုပ်သည် ခရီးမထွက်မီအလျင် ဟဂ်ျ၊ အွမ်ရာနှင့် သက်ဆိုင်သော အမိန့်ပညတ် ချက်များနှင့် လမ်းခရီးနှင့် သက်ဆိုင်သည့်အမိန့်ပညတ်ချက်များကို သင်ယူဆည်းပူးထားရန် လိုအပ်သည်။ သို့မှသာ ဝါဂျိဗ်တာဝန်တစ်ရပ်ကို စွန့် လွှတ်မိခြင်း၊ ဟရာမ် ကိစ္စတစ်ခုတွင် ကျရောက်ခြင်း ရှိတော့မည်မဟုတ်ပေ။ တမန်တော်မြတ် (صلى الله عليه وسلم) မိန့်ကြားတော်မူသည်။

«مَنْ يُرِدِ اللهُ بِهِ خَيْرًا يُفَقِّهْهُ فِي الدِّينِ» [2].

"အလ္လာဟ်အရှင်မြတ်သည် တစ်ဦးတစ်ယောက်ကို ကောင်းစေလိုပါက ထိုသူ့အား သာသ နာရေးနှင့် စပ် လျဉ်း၍ နားလည်နိုင်စွမ်း ချီးမြှင့်တော်မူသည်။" (၂)[2]

1 မွတ်စ်လင်မ်ကျမ်း၊ ဟဒီးဆ်အမှတ် (၂၉၈၅)

2 ဗုခါရီကျမ်း၊ ဟဒီးဆ်အမှတ် (၂၇၃၈) / မွတ်စ်လင်မ်ကျမ်း၊ ဟဒီးဆ်အမှတ်(၁၆၂၇ )

(၄) ဟဂ်ျနှင့် အွမ်ရာပြုလုပ်သူသည် မိမိ၏ ဟဂ်ျနှင့် အွ
မ်ရာအတွက် ဟလာလ် သန့်ပြန့်သည့် ငွေ ကြေး ဥစ္စာပစ္စ
ည်းကို ရွေးချယ်ရန်လိုအပ်သည်။ အဘယ်
ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ် သည် သန့်ရှင်းစ
င်ကြယ်တော်မူသော အရှင်ဖြစ်ပြီး သန့်ရှင်းစင်ကြယ်သည့်
အရာကိုသာ လက်ခံတော်မူသည်။ မသန့်ရှင်းသော ဟရာမ်
ငွေကြေး၊ ဥစ္စာပစ္စည်းများသည် ဒုအာများ လက်ခံခြင်းမခံ
ရရန် အကြောင်းခံတစ်ခုဖြစ်သည်။

(၅) အပြစ်အကု သိုလ် အားလုံးမှ သောင်ဗဟ်အမှားဝန်
ချတောင်းပန်မှု ပြုရမည်။ အကယ် ၍ ၎င်းသည် အခြားသူ
များအား ဂုဏ် သိက္ခာ သို့မဟုတ် ငွေကြေး ဥစ္စာပစ္စည်း သို့
မဟုတ် အခြားအရာတွင် နစ်နာဆုံးရှုံးအောင် မတရားပြု
ထားလျှင် ထိုအရာများကို ပြန်လည်ပေးဆပ်ပြီး ၎င်းတို့
အား ထိုနစ်နာဆုံးရှုံးမှုများမှ ကင်းလွတ်အောင် ပြုလုပ်ရမ
ည်။

(၆) ခရီးသွားသူသည် မိမိရရှိမည့်အရာများ၊ မိမိပေးဆ
ပ်ရမည့်အရာများနှင့် ပတ်သက်၍ ‘ဝစ္စီယသ်’ သေတမ်းစာ

ရေးခြင်းမှာ မွတ်စ်သဟာဗ် ဖြစ်သည်။ တမန်တော်မြတ် (صلى الله عليه وسلم) မိန့်ကြားတော်မူသည်။

«مَا حَقُّ امْرِئٍ مُسْلِمٍ لَهُ شَيْءٌ يُوصِي فِيهِ يَبِيتُ لَيْلَتَيْنِ إِلَّا وَوَصِيَّتُهُ مَكْتُوبَةٌ عِنْدَهُ» [3]

"မည်သည့် မွတ်စ်လင်မ်မဆို ၎င်းတွင် (ဝစီယသ် မှာ တမ်းမှုပြုရမည့်) အရာတစ်ခုခုရှိမည်ဆိုလျှင် ဝစီယသ်သေတမ်းစာကို ရေးပြီး မိမိထံတွင် ထားထားရမည်။ ဝစီယသ်သေတမ်း စာ မရေးဘဲ နှစ်ညမကုန်ဆုံးသင့်ပါ။"

(၃)[1] ထိုသို့ ဝစီယသ် ရေးသားရာတွင် သက်သေထားရမည်။ မိမိအပေါ်တွင်ရှိသော ကြွေးမြီများကို ပေးဆပ်ရမည်။ အပ်နှံထားသော ငွေကြေးဥစ္စာများကို ပိုင်ရှင်များထံ ပြန်ပေးရမည်။ သို့မဟုတ် ၎င်းတို့ကိုဆက် လက်ထားရှိရန် ပိုင်ရှင်ထံမှ ခွင့်ပြုချက်တောင်းရမည်။

(၇) ခရီးသွားသူသည်ကောင်း မွန်သော ခရီးဖော်ကို ရွေးချယ်ရန် ကြိုးစားခြင်းမှာ မွတ်စ်သဟာဗ်ဖြစ် သည်။ ခရီးဖော်သည် သာသနာ့ပညာ ရှာဖွေလေ့လာ နေသူများအနက်မှဖြစ်ရန် ဆန္ဒထားရမည်။ အဘယ်ကြောင့်ဆိုသော် ဤသ

[1] အဗူဒါဝူဒ်ကျမ်း၊ ဟဒီးစ် အမှတ် (၄၈၃၃)

ည် ၎င်းအား အရှင်မြတ် သောင်ဖီးက်စွမ်းအားပေးမှုနှင့် မိမိ၏ လမ်းခရီးနှင့် ဟဂ်ျ၊ အွမ်ရာတို့တွင် အများအယွင်းများမှ ကင်းဝေးစေမည့် အ ကြောင်းရင်းတစ်ရပ်ပင်ဖြစ် သည်။ တမန်တော်မြတ် (صلى الله عليه وسلم) မိန့်ကြားတော်မူခဲ့သည်။

«الرَّجُلُ عَلَى دِينِ خَلِيلِهِ، فَلْيَنْظُرْ أَحَدُكُمْ مَنْ يُخَالِلُ» [4]؛
"လူတစ်ဦးသည် မိမိနှင့် ရင်းနှီးသောမိတ်ဆွေ၏ သာသနာပေါ်တွင်ရှိသည် (ဆိုလိုသည်မှာ၎င်း၏အမူအကျင့်များကို လိုက် နာတတ် သည်။) ထို့ကြောင့် အသင်တို့အနက်မှ တစ်ဦးတစ်ယောက်သည် မည်သူနှင့် မိတ် ဆွေဖွဲ့နေသည်ကို ကြည့်ရှုပါ။ " (၄)[1] တမန်တော်မြတ် (صلى الله عليه وسلم) မိန့်ကြားတော်မူသည်။

«لَا تُصَاحِبْ إِلَّا مُؤْمِنًا، وَلَا يَأْكُلْ طَعَامَكَ إِلَّا تَقِيٌّ» [5].
"သင်သည် မုအ်မင်န် အီမာန်သက်ဝင်ယုံကြည်သူမှတစ်ပါး မည်သူနှင့်မျှ မိတ်ဆွေမဖွဲ့ပါနှင့်။ ၎င်းပြင် သင်၏ အစား

[1] အဗူဒါဝူဒ်ကျမ်း၊ ဟဒီးစ်အမှတ် (၄၈၃၃)/ သိရ်မိဇီကျမ်း၊ ဟဒီးစ်အမှတ် (၂၃၇၈)

အစာအား မုသ်သကီ အမိန့်နာခံကာ ပြစ်မှုများမှ ရှောင်ကြဉ်သူမှ တစ်ပါး မည်သူမျှမစားပါစေနှင့်။”
(၅)[1]

(၈) ခရီးသွားသူသည် မိမိအိမ်သူ အိမ်သားများ၊ ဆွေမျိုးသားခြင်းများ၊ အိမ်နီးခြင်းများနှင့် မိတ် ဆွေ

အပေါင်းအသင်းများကို နှုတ်ဆက်ခြင်းမှာ မွတ်စ်သဟာဗ်ဖြစ်သည်။ တမန်တော်မြတ် (صلى الله عليه وسلم) မိန့်ကြားတော်မူခဲ့သည်။

«مَنْ أَرَادَ أَنْ يُسَافِرَ فَلْيَقُلْ لِمَنْ يُخَلِّفُ: أَسْتَوْدِعُكُمُ اللَّهَ الَّذِي لَا يُضِيعُ وَدَائِعَهُ» [6]،
“ မည်သူမဆို ခရီးထွက်ရန် ရည်ရွယ်ပါက မိမိ၏ နောက်တွင် ချန်ထားခဲ့သူများကို ဤသို့ပြောဆိုပါ။ အသင်တို့ကို ကျွန်ုပ် အလ္လာဟ်အရှင်မြတ်ထံ လွှဲအပ်လိုက်ပါပြီ။ ထိုအရှင်မြတ်ထံ အပ်နှံလိုက်သောအရာများအား အရှင်မြတ်သည် မည်သည့်အခါမျှ ပျက်စီးဆုံးရှုံး စေမည်မဟုတ်ပေ။ ” (၆)[2] တမန်တော်မြတ် (صلى الله عليه وسلم) သည် မိမိ

[1] သွဗ်ရာနီကျမ်း၊
ဟဒီးဆ်အမှတ်
(၈၂၃)

[2] မွတ်စ်နဒ်အဟ်မဒ်ကျမ်း၊ ဟဒီးဆ်အမှတ် (၄၅၂၄)

၏ ဆွဟာဗဟ်သာဝကများအနက် တစ်ဦးဦး ခရီးထွက်ရန် ရည်ရွယ်သည့်အခါတွင် ၎င်းအား ခွဲခွါရန်အတွက် နှုတ်ဆက်သည့်အခါ ဤသို့ပြောဆိုလေ့ရှိသည်။

«أَسْتَوْدِعُ اللهَ دِينَكَ وَأَمَانَتَكَ وَخَوَاتِيمَ عَمَلِكَ»[7]،

"ကျွန်ုပ်သည် အသင်၏ဒီးန်သာသနာ၊ အသင်၏အမာနသ်ဘ(အိမ်သူအိမ်သား၊ ဥစ္စာပစ္စည်းများ)နှင့် အသင်၏အမလ်ဆောင်ရွက်မှုများ၏ နိဂုံးချုပ်များအား အလ္လာဟ်အရှင်မြတ်ထံ အပ်နှင်းလိုက်ပါပြီ။" (၇)[1] ထိုနည်းတူ တမန်တော်မြတ် (صلى الله عليه وسلم)

သည် ခရီးသွားမည့်သူများအနက် ဆုံးမစကားပြောကြားရန် လျှောက် ထားပန်ကြားသူအား ဤသို့ မိန့်ကြားလေ့ရှိသည်။

«زَوَّدَكَ اللَّهُ التَّقْوَى، وَغفَرَ ذَنْبَكَ، وَيَسَّرَ لَكَ الخَيْرَ حَيْثُ مَا كُنْتَ» [8]

" အလ္လာဟ်အရှင်မြတ်သည် အသင့်အား သက္ကဝါတရားတိုး၍ ချီးမြှင့်တော်မူပါစေ။ အသင်၏ အပြစ်အကုသိုလ်များကို ခွင့်လွှတ်ချမ်းသာပေးတော်မူပါစေ။ အသင် မည်သည့်နေရာတွင် ရှိသည်ဖြစ်စေအသင့်အဖို့ ကောင်းမှုများကို

[1] သိရ်မီဇီကျမ်း၊ ဟဒီးဆ်အမှတ် (၃၄၄၄)

လွယ်ကူအောင်ပြုလုပ်ပေးသနားတော်မူပါစေ။ ” (၈)[1] ခရီးထွက်ရန် ရည်ရွယ်ထားသူတစ်ဦးသည် တမန်တော်မြတ် (صلى الله عليه وسلم) ထံ လာရောက်၍ အို အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် ကျွန် တော်မျိုးအား ဆုံးမစကားပြောကြားတော်မူပါဟု လျှောက်ထားခဲ့သည်။ ထိုအခါ တမန်တော်မြတ် ( صلى الله عليه وسلم )က

«أُوصِيكَ بِتَقْوَى اللهِ، وَالتَّكْبِيرِ عَلَى كُلِّ شَرَفٍ» فَلَمَّا مَضَى قَالَ: « اللَّهُمَّ ازْوِ لَهُ الْأَرْضَ، وَهَوِّنْ عَلَيْهِ السَّفَرَ» [9].

“ အသင် သက္ကဝါတရားကို လက်ကိုင်ထားရန်နှင့် အမြင့်သို့တက်သည့်အခါတိုင်း သက္ကဗီရ် (اَللّٰهُ أَكْبَرُ)ဆိုရန် ငါကိုယ်တော် သင့်အား ဆုံးမစကားပြောကြားပါသည် “ဟု မိန့်ကြားတော်မူခဲ့သည်။ ထိုပုဂ္ဂိုလ် ထွက်သွားပြီးနောက် တမန်တော်မြတ် ( صلى الله عليه وسلم )က “အိုအလ္လာဟ်အရှင်မြတ် မြေပထဝီအား ၎င်းအဖို့ ခေါက်လိပ်ပေးတော်မူပါ (ခရီး၏ဝေးကွာမှုကြောင့် ဖြစ်ပေါ်လာမည့် အခက်အခဲ ဒုက္ခပင်ပန်းမှုများမဖြစ်စေရန် ၎င်းအဖို့ ခ

[1] မွတ်စ်နဒ်အဟ်မဒ်ကျမ်း၊ ဟဒီးဆ်အမှတ် (၉၇၂၄)

ရီးကို နီးကပ်စေတော်မူပါ။) ၎င်းအဖို့ ခရီးကို လွယ်ကူစေတော်မူပါဟု ဒုအာပြုပေးတော်မူခဲ့သည်။ ” (၉)[1]

(၉) ခရီးသွားသည့်အခါတွင် ခေါင်း လောင်း၊ တီးမှုတ်သည့် ကိရိယာနှင့် ခွေးကို မိမိနှင့်အတူ မယူ ဆောင် သွားရပါ။ အဗူဟုရိုင်ရဟ် (رضي الله عنه )က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် (صلى الله عليه وسلم) မိန့်ကြားတော်မူသည်။

«لَا تَصْحَبُ الْمَلَائِكَةُ رُفْقَةً فِيهَا كَلْبٌ وَلَا جَرَسٌ» [10].

“ ကောင်းကင်

တမန်များသည် ခွေးနှင့်ခေါင်း လောင်း အတူပါလာသည့် ခရီးသွားအုပ်စုနှင့်အတူ အဖော်အဖြစ်မလိုက်ပါပေ။ ” (၁၀)[2]

(၁၀) အကယ်၍ ၎င်းတွင် ဇနီးမယားတစ်ဦးထက်ပိုရှိပြီး မိမိ၏ဇနီးများအနက် တစ်ဦးဦးကို ခရီးတွင် ခေါ်သွားလိုပါက သူမတို့ကြားတွင် မဲနှိုက်ရမည်။ မည်သည့်ဇနီးပင် မဲပေါက်သည်ဖြစ်စေ သူမသည် ၎င်းနှင့်အတူ ခရီးတွင် လို

---

[1] မွတ်စ်လင်မ်ကျမ်း၊ ဟဒီးဆ်အမှတ် (၂၁၁၃)

[2] ဗုခါရီကျမ်း၊ ဟဒီးဆ်အမှတ် (၂၅၉၃) / မွတ်စ်လင်မ်ကျမ်း၊ ဟဒီးဆ်အမှတ် (၂၇၇၀)

က်ပါရမည္ျဖစ္သည္။ အာအိရှာဟ် ( رضي الله عنها ) ဆင့္ျပန္ ေျပာၾကားခဲ့သည္။

«كَانَ رَسُولُ اللهِ صلى الله عليه وسلم: إِذَا أَرَادَ سَفَرًا أَقْرَعَ بَيْنَ نِسَائِهِ، فَأَيَّتُهُنَّ خَرَجَ سَهْمُهَا خَرَجَ بِهَا مَعَهُ» [11].

"တမန္ေတာ္ျမတ္ (صلى الله عليه وسلم )သည္ ခရီးသြားရန္ ရည္႐ြယ္သည့္အခါ မိမိၾကင္ရာေတာ္မ်ားၾကားတြင္မဲႏိႈက္ခိုင္းေလ့ရွိေတာ္မူသည္။ သူမတို႔အနက္ မဲေပါက္သည့္ ၾကင္ရာေတာ္အား မိမိႏွင့္အတူ ခရီးတြင္ေခၚေဆာင္သြားေတာ္မူသည္။ " (၁၁)[1]

အကယ္၍ ၎င္းအတြက္ လြယ္ကူပါက ၾကာသာပေတးေန႔ မနက္ပိုင္းတြင္ ခရီးထြက္ျခင္းမွာ မြတ္စ္သဟာဗ္ျဖစ္သည္။ တမန္ေတာ္ျမတ္ ( صلى الله عليه وسلم )သည္ ထိုအတိုင္းပင္ ျပဳလုပ္ေတာ္မူခဲ့သည္။ ကအ္ဗ္ ဗင္န္ မာလိက္( رضي الله عنه )က ဆင့္ျပန္ေျပာျပခဲ့သည္။

«لَقَلَّمَا كَانَ رَسُولُ اللهِ صلى الله عليه وسلم يَخْرُجُ إِذَا خَرَجَ فِي سَفَرٍ إِلَّا يَوْمَ الْخَمِيسِ» [12].

[1] ဗုခါရီက်မ္း၊ ဟဒီးဆ္အမွတ္ (၂၉၄၉)

" တမန်တော်မြတ် (صلى الله عليه وسلم )သည် ခရီးထွက်သည့်အခါ ကြာသာပတေးနေ့မှအပ ကျန်ရက်များတွင် ခရီးထွက်ခြင်းမှာ အလွန်နည်းပါးသည်။ "
(၁၂)[1]

(၁၂) ခရီးအတွက်ဖြစ်စေ၊ အခြားကိစ္စကြောင့်ဖြစ်စေ အိမ်မှထွက်သည့်အခါ အိမ်မှထွက်သောအခါ ဖတ်ရမည့် ဒုအာကို ဖတ်ခြင်း မွတ်စ်သဟာဗ်ဖြစ်သည်။ အိမ်မှထွက်သည့်အခါ အောက်ပါဒုအာကို ရွတ်ဖတ်ရမည်။

«بِسْمِ اللَّهِ، تَوَكَّلْتُ عَلَى اللَّهِ، وَلا حَوْلَ وَلا قُوَّةَ إِلَّا بِاللَّهِ، اللَّهمَّ إِنِّي أَعُوذُ بِكَ أَنْ أَضِلَّ أَوْ أُضَلَّ، أَوْ أَزِلَّ أَوْ أُزَلَّ، أَوْ أَظْلِمَ أَوْ أُظْلَمَ، أَوْ أَجْهَلَ أَوْ يُجْهَلَ عَلَيَّ» [13].

بِسْمِ اللهِ، تَوَكَّلْتُ عَلَى اللهِ، لَا حَوْلَ وَلَا قُوَّةَ إِلَّا بِاللهِ، اَللّٰهُمَّ إِنِّي أَعُوذُ بِكَ أَنْ أَضِلَّ أَوْ أُضَلَّ، أَوْ أَزِلَّ أَوْ أُزَلَّ، أَوْ أَظْلِمَ أَوْ أُظْلَمَ، أَوْ أَجْهَلَ أَوْ يُجْهَلَ عَلَيَّ အဓိပ္ပါယ်။ ။အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့်အစပြုပါ၏။ အလ္လာဟ်အရှင်မြတ်ထံတော်ပါးတွင်သာ သဝက္ကုလ်ယုံပုံလွှဲအပ်ပါ၏။ မကောင်းမှုများမှရှောင်ကြဉ်ရန်နှင့် ကောင်းမှုများဆောင်ရွက်ရန်သည်အလ္လာဟ်အရှင်မြတ်စွမ်း အားပေးမှသာဖြစ်နိုင်ပါ၏။ အို - အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးသည် လမ်းလွဲခြင်း၊ လမ်းလွဲအောင်လုပ်ခံရ

[1] အဗူဒါဝူဒ်ကျမ်း၊ ဟဒီးဆ်အမှတ် (၅၀၉၄)

ခြင်း၊ လမ်းချော်ခြင်း၊ လမ်းချော်အောင်လုပ်ခံရခြင်း၊ ညှဉ်းပန်းနှိပ်စက်မိခြင်း၊ ညှဉ်းပန်းနှိပ်စက်ခံရခြင်း၊ မသိမိုက်မှားခြင်းနှင့် မသိမိုက်မှားပြုခံရခြင်းတို့မှ ကင်း လွတ်ရန် အရှင်မြတ်ထံပန်ကြားခိုလှုံပါ၏။ (၁၃)[1]

(၁၃) ခရီးသွားသူသည် မိမိ၏ အစီးအနင်း (မြင်း၊ ကုလားအုတ်)ဖြစ်စေ၊ ကားဖြစ်စေ၊ လေယာဉ်ဖြစ်စေ၊ အခြားအစီးအနင်းဖြစ်စေ စီးနင်းသည့်အခါ ခရီးထွက်သည့်အခါတွင်ဖတ်ရသော ဒုအာကို ဖတ်ခြင်းမှာ မွတ်စ်သဟာဗ်ဖြစ်သည်။

«اللَّهُ أَكْبَرُ، اللَّهُ أَكْبَرُ، اللَّهُ أَكْبَرُ ثُمَّ يَقُولُ: {سُبْحَانَ الَّذِي سَخَّرَ لَنَا هَذَا وَمَا كُنَّا لَهُ مُقْرِنِينَ وَإِنَّا إِلَى رَبِّنَا لَمُنْقَلِبُونَ} [الزخرف: 14] اللَّهُمَّ إِنَّا نَسْأَلُكَ فِي سَفَرِنَا هَذَا الْبِرَّ وَالتَّقْوَى، وَمِنَ الْعَمَلِ مَا تَرْضَى، اللَّهُمَّ هَوِّنْ عَلَيْنَا السَّفَرَ، وَاطْوِ عَنَّا بُعْدَهُ، اللَّهُمَّ أَنْتَ الصَّاحِبُ فِي السَّفَرِ، وَالْخَلِيفَةُ فِي الْأَهْلِ، اللَّهُمَّ إِنِّي أَعُوذُ بِكَ مِنْ وَعْثَاءِ [14] السَّفَرِ، وَكَآبَةِ المنظر[15]، وسوء الْمُنْقَلَبِ[16] فِي الْمَالِ وَالْأَهْلِ..» [17].

(اَللّٰهُ أَكْبَرُ، اَللّٰهُ أَكْبَرُ، اَللّٰهُ أَكْبَرُ)ဟု သုံးကြိမ်ဆိုရမည်။ ထို့နောက်အောက်ပါအာယသ်တော်ကို ရွတ်ဖတ်ရမည်။ (سُبْحَانَ الَّذِي سَخَّرَ لَنَا هٰذَا وَمَا كُنَّا لَهُ مُقْرِنِينَ .وَإِنَّا إِلٰى رَبِّنَا لَمُنْقَلِبُونَ) ( စူရဟ် ဇု

[1] (وعثاء السفر) ဟူသည် ခရီး၏ ခက်ခဲပြင်းထန်မှုကိုဆိုလိုသည်။
အလ်အိဖ်ဆွာဟ် အန် မအာနီယိစ် ဆွိဟားဟ်ကျမ်း (အတွဲ ၄ / စာမျက်နှာ ၂၈၄)

ခ်ရုဖ်၊ အာယသ် : ၁၄ ) အဓိပ္ပါယ် -  ဤအစီးအနင်းကို နိုင်န
င်းစေတော်မူသော အရှင်မြတ်သည် ချီးတဲ့ခြင်း အပေါင်းမှ
သန့်ရှင်းစင်ကြယ်တော်မူပါ၏။ ကျွန်တော်မျိုးတို့သည် ဤ
အစီးအနင်းကို နိုင်နင်းနိုင်စွမ်းမရှိပါ။ ကေန်အမှန် ကျွန်
တော်မျိုးတို့သည် အလ္လာဟ်အရှင်မြတ် ထံတော်ပါးသို့သာ
ပြန်လှည့်ကြရမည့်သူများ ဖြစ်ကြပါသည်။ ထို့နောက် ဟ
ဒီးဆ်တော်လာ အောက်ပါ ဒုအာကို ရွတ်ဖတ်ရမည်။

اللّٰهُمَّ إِنَّا نَسْأَلُكَ فِي سَفَرِنَا هٰذَا الْبِرَّ وَالتَّقْوَى وَمِنْ الْعَمَلِ مَا تَرْضَى، ا
للّٰهُمَّ هَوِّنْ عَلَيْنَا سَفَرَنَا هٰذَا، وَاطْوِ عَنَّا بُعْدَهُ، اللّٰهُمَّ أَنْتَ الصَّاحِبُ فِ
ي السَّفَرِ، وَالْخَلِيفَةُ فِي الْأَهْلِ، اللّٰهُمَّ إِنِّي أَعُوذُ بِكَ مِنْ وَعْثَاءِ السَّفَرِ(၁၄)
فِي الْمَالِ وَالْأَهْلِ، (၁၆)وَسُوءِ الْمُنْقَلَبِ، (၁၅)وَكَآبَةِ الْمَنْظَرِ، (

အဓိပ္ပါယ် -

အို-အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးတို့သည် ဤခရီးစ
ဉ်မှ ကောင်းမှုကိုလည်းကောင်း၊ အရှင်မြတ်၏ အမိန့်နာခံမှု
နှင့် အပြစ်ရှောင်ကြဉ်နိုင်စွမ်း(သက္ကဝါ)တရားကိုလည်း
ကောင်း၊ အရှင်နှစ်မြို့တော်မူသော လုပ်ရပ်များကိုလည်း
ကောင်း အရှင်မြတ်ထံ တောင်းခံပါ၏။ အို– အလ္လာဟ်အရှ
င်မြတ်၊ ဤခရီးစဉ်ကို ကျွန်တော်မျိုးတို့အတွက် လွယ်ကူ

ချောမွေ့စေတော်မူပါ။ ခရီးအကွာအဝေးကို ကျုံ့စေတော်မူပါ။ အို- အလ္လာဟ်အရှင်မြတ်၊ အရှင်မြတ်သည်သာ ခရီးဖော်ဖြစ်တော်မူပါသည်။ အရှင်မြတ်သည်သာ ကျန်ရစ်သည့် မိသားစုကို ထိန်းသိမ်းစောင့်ရှောက်တော်မူသည့် အရှင်ဖြစ်တော်မူပါသည်။ အို-အလ္လာဟ်အရှင်မြတ်၊ ဤလမ်းခရီး၏ အခက်အခဲများ ပင်ပန်းမှုများမှလည်းကောင်း၊ လမ်းခရီးတွင် မကောင်းသောမြင်ကွင်း (အနိဋ္ဌာရုံ)များ မြင်ရခြင်းမှလည်းကောင်း၊ ခရီးမှအပြန်တွင် မိမိဥစ္စာပစ္စည်း၊အိမ်သူအိမ်သားမိသားစုတို့တွင် မကောင်းသောအဖြစ် တွေ့မြင်ရခြင်းမှလည်း ကောင်း ကင်းလွတ်ရန် အရှင်မြတ်ထံ ပန်ကြားပါ၏။[1][2][3][4]

---

[1] ဗုခါရီကျမ်း၊ ဟဒီးဆ်အမှတ် (၂၉၉၈)

[2] ( ၁၇ ) မွတ်စ်နဒ်အဟ်မဒ်ကျမ်း၊ ဟဒီးဆ်အမှတ် (၆၃၇၄)

[3] (المنقلب) ဟူသည် လှည့်ပြန်ခြင်း၊ ပြန်လာခြင်း ကိုဆိုလိုသည်။ - အလ်အိဖ်ဆွာဟ် အန်မအာနီယိစ် ဆိွဟားဟ်ကျမ်း ( အတွဲ ၄ / စာမျက်နှာ ၂၈၄ )

[4] အခြေအနေပုံစံ ဆိုခြင်း၊ ဝမ်းနည်းပူဆွေးမှုကြောင့် ဆောက်တည်ရာမရခြင်း။ - အလ်အိဖ်စွာဟ် အန် မအာနီယိစ် စွိဟားဟ်ကျမ်း ( အတွဲ ၄ / စာမျက်နှာ ၂၈၄ )

(၁၄) ၎င်းအဖို့ အဖော်မပါဘဲ တစ်ဦးတည်း ခရီးမထွက်ခြင်းမှာ မွတ်စ်လင်မ်၏ ကျင့်စဉ်ဖြစ် သည်။ တမန်တော်မြတ် (صلى الله عليه وسلم) မိန့်ကြားတော်မူသည်။

«لَوْ يَعْلَمُ النَّاسُ مَا فِي الْوَحْدَةِ مَا أَعْلَمُ مَا سَارَ رَاكِبٌ بِلَيْلٍ وَحْدَهُ» [18].

"တစ်ယောက် တည်းခရီးထွက်ခြင်း၌ရှိသော ဆိုးကျိုးကို ငါကိုယ် တော် သိသလို လူတို့သိကြမည်ဆိုလျှင် မည်သည့်ခရီးသည်မျှ ည အချိန် တစ် ယောက်တည်း ခရီးသွားလိမ့်မည် မဟုတ်ပေ။" (၁၈)[1]

(၁၅) ခရီးသွားသူများသည် မိမိတို့၏ စုစည်းမှုကို ပို၍ပြည့်စုံစေရန်၊ မိမိတို့၏ သဘောတူညီချက်ကို ပိုမို၍ တသမတ်တည်းရှိစေရန်၊ မိမိတို့၏ ပန်းတိုင်ကို အရောက်လှမ်းရာတွင် ပိုမိုခိုင်မာစေရန်အတွက် မိမိတို့အနက်မှ တစ်ဦးကို အမီရ် ခေါင်း ဆောင်တင်မြှောက်ရမည်။ တမန်တော်မြတ် (صلى الله عليه وسلم) မိန့်ကြားတော်မူသည်။

«إِذَا خَرَجَ ثَلَاثَةٌ فِي سَفَرٍ فَلْيُؤَمِّرُوا أَحَدَهُمْ» [19].

[1] အဗူဒါဝူဒ်ကျမ်း၊ ဟဒီးဆ်အမှတ် (၂၆၀၈)

" ခရီးတစ်ခုကို လူသုံးဦး သွားပါက ၎င်းတို့သည် မိမိတို့အ နက်မှ တစ်ဦးကို အမီရ်ခေါင်း ဆောင်အဖြစ် သတ်မှတ်ရမ ည်။ " (၁၉)[1]

(၁၆) မိမိအပေါ် အလ္လာဟ်အရှင်မြတ် သတ်မှတ်ထား သော တာဝန်များကို ကျေပွန်ရန်၊ တားမြစ်ထားသော အ ရာများကို ရှောင်ကြဉ်ရန်နှင့် ကောင်းမြတ်သောကိုယ်ကျင့် တရားများ မွေးမြူရန် ဆန္ဒရှိရမည်။ ထို့ပြင် အကူအညီလို အပ်သူများကို ကူညီရမည်။ ပညာရှာဖွေသူ၊ ပညာလိုလား သူများကို ပညာဖြန့်ဝေရမည်။ မိမိ၏ ကောင်းကျိုးများ၊ မိ မိညီနောင်များ၏ကောင်းကျိုးများနှင့် လိုအပ်ချက်များတွ င် မိမိ၏ ငွေကြေးကို ရက်ရော စွာ သုံးစွဲရမည်။

(၁၇) အသုံးစရိတ်နဲ့ လိုအပ်သည့်ပစ္စည်းများကို ပိုမိုယူ ဆောင်သွားသင့်သည်။ အဘယ်ကြောင့်သော်ဆိုတော့ တ ခါတရံလိုအပ်ချက်များပေါ်လာနိုင်ပြီး အခြေနေများပြော င်းလဲနိုင်သောကြောင့်ဖြစ်သည်။

---

[1] မွတ်စ်နဒ်အဟ်မဒ်ကျမ်း၊ ဟဒီးစ်အမှတ် (၁၇၇၃၆)

(၁၈) ထိုကိစ္စရပ်များအားလုံးကို ဆောင် ရွက်ရာတွင် မျက် နှာချိုသာပြီး စိတ်ကျေနပ်နှစ်သက်မှုရှိရမည်။ ထို့ပြင် မိမိခရီးဖော်အား ပျော်ရွှင်စေရန် ဂရုစိုက်ရမည်။ သို့မှသာ ခရီး သွားဖော်မှာ မိမိနှင့် ရင်းနှီးကျွမ်းဝင်မှုရှိမည်ဖြစ်သည်။

(၁၉) မိမိခရီးဖော်များ၏ ခက်ထန်သည့် အပြုအမူများ၊ မိမိအမြင်အပေါ် ၎င်းတို့၏ ဆန့်ကျင်မှုများကို စိတ်ရှည်သည်းခံရမည်။ ထို့ပြင် ၎င်းတို့အား အကောင်းဆုံးပုံစံဖြင့် တုံ့ပြန်ရမည်။ သို့မှသာ ၎င်းတို့ကြားတွင် ဂုဏ်ပေးခံရပြီး ၎င်းတို့၏ စိတ်ထဲတွင် လေးစားခံရမည်ဖြစ်သည်။

(၂၀) ခရီးသည်များသည် နေရာတစ်ခု၌ စခန်းချတည်းခိုသည့်အခါ အတူတစ်ကွ စုစည်းနေထိုင်ခြင်းမှာ မွတ်စ်သဟာဗ်ဖြစ်သည်။ တမန်တော်မြတ် ( صلى الله عليه وسلم )၏ ဆွဟာဗဟ်အချို့သည် နေရာတစ်ခု၌ စခန်းချသည့်အခါ စုစည်းမနေဘဲ တောင် ကြားများ၊ ချိုင့် ဝှမ်းများ၌ သီးခြားစီခွဲနေကြသည်။ ထိုအခါ တမန်တော်မြတ် (صلى الله عليه وسلم) က

«إِنَّ تَفَرُّقَكُمْ فِي الشِّعَابِ وَالْأَوْدِيَةِ إِنَّمَا ذَلِكُمْ مِنَ الشَّيْطَانِ» [20]،

" တောင်ကြားများနှင့် ချိုင့်ဝှမ်းများ၌ အသင်တို့ သီးခြားစီ ခွဲ၍နေခြင်းမှာ ဧကန်စင်စစ် ၎င်းသည် ရှိုင်သွာန်ဘက်မှပင် ဖြစ်သည်။"ဟု မိန့်ကြားတော်မူခဲ့၏။ (၂၀)[1] ထိုအချိန်မှစ၍ ဆွဟာဗဟ်များသည် စုစုစည်းစည်းနေထိုင်ကြရာ ၎င်းတို့ အပေါ် အဝတ်စ တစ်စဖြန့်ခင်းလိုက်လျှင်ပင် ၎င်းတို့အား လုံးကို ခြုံမိသသည်အထိ နီးနီးကပ်ကပ် နေထိုင်ခဲ့ကြသည် ။

(၂၁) ခရီးတွင်ဖြစ်စေ သို့မဟုတ် အခြားနေရာတစ်ခုခု၌ ဖြစ်စေ စခန်းချ တည်းခိုသောအခါ စွန္နသ်တော်လာ အော က်ပါဒုအာကိုဖတ်ခြင်းမှာ မွတ်စ်သဟာဗ်ဖြစ်သည်။

«أَعُوذُ بِكَلِمَاتِ اللَّهِ التَّامَّاتِ مِنْ شَرِّ مَا خَلَقَ» [21]؛

(أَعُوْذُ بِكَلِمَاتِ اللهِ التَّامَّاتِ مِنْ شَرِّ مَا خَلَقَ) အဓိပ္ပါယ် - အလ္လာဟ် အရှင်မြတ်၏ ပြည့်စုံတော်မူသော ကလိမဟ်တော်များ အားဖြင့် အရှင်မြတ် ဖန်ဆင်းထားသော အဖန်ဆင်းခံ ခပ် သိမ်းတို့၏ ဘေးအန္တရာယ်မှ ကင်းလွတ်ရန် အရှင်မြတ်ထံ ကျွန်တော်မျိုး ခိုလှုံခွင့်တောင်းခံပါ၏။ (၂၁)[2] ၎င်းသည် ထို

[1] မွတ်စ်လင်မ်ကျမ်း၊ ဟဒီးစ်အမှတ် (၂၇၀၈)

[2] ဗုခါရီကျမ်း၊ ဟဒီးစ်အမှတ် (၂၉၉၄)

ဒုအာကို ရွတ်ဖတ်လိုက်ပါက ၎င်းစခန်းချတည်းခိုနေသည့် ထိုနေရာမှ (အခြားနေရာသို့) ခရီးဆက်သည်အထိ မည်သည့်အရာကမျှ ၎င်းအား ဒုက္ခပေးနိုင်မည်မဟုတ်ပေ။

(၂၂) ခရီးသွားသည် အမြင့်သို့တက်သည့်အခါတိုင်း သက်ဗီရ်( اَللّٰهُ أَكْبَر ) ဆိုခြင်း၊ အနိမ့်ပိုင်းနေရာများသို့ဆင်းသည့်အခါတိုင်း သတ်စ်ဗီဟ် ( سُبْحَانَ الله ) ဆိုခြင်း မွတ်စ်သဟာဗ်ဖြစ်သည်။ ဂျာဗိရ် ( رضي الله عنه )က ပြောပြခဲ့သည်မှာ - " ကျွန်ုပ်တို့သည် အမြင့်သို့တက်သည့်အခါ 'အလ္လာဟု အက်ဗရ်' (အလ္လာဟ်အရှင်မြတ်သည် အကြီးကျယ်ဆုံးဖြစ်တော်မူပါ၏) ဟု ရွတ်ဆိုကြပြီး အနိမ့်သို့ဆင်းသည့်အခါ 'စွဗ်ဟာနလ္လာဟ်' (အလ္လာဟ်အရှင်မြတ်သည် ချို့တဲ့ခြင်းအပေါင်းမှ သန့်ရှင်းစင်ကြယ်တော်မူပါ၏)ဟု ရွတ်ဆိုကြသည်။ " (၂၂)[1] သက်ဗီရ် ဆိုရာတွင် အသံကိုကျယ်လောင်စွာ မဆိုရပါ။ တမန်တော်မြတ် (صلى الله عليه وسلم) မိန့်ကြားတော်မူခဲ့သည်။

«يَا أَيُّهَا النَّاسُ ارْبَعُوا عَلَى أَنْفُسِكُمْ فَإِنَّكُمْ لَا تَدْعُونَ أَصَمَّ وَلَا غَائِبًا إِنَّهُ مَعَكُمْ إِنَّهُ سَمِيعٌ قَرِيبٌ» [23].

---

[1] ဗုခါရီကျမ်း၊ ဟဒီးစ်အမှတ် (၂၉၉၃)

“ အို လူအပေါင်းတို့၊ အသင်တို့သည် မိမိတို့ကိုယ်မိမိ သနားညှာတာကြပါ။ အဘယ်ကြောင့်ဆိုသော် အသင်တို့သည် နားမကြားသူ၊ ကွယ်ပျောက်နေသူကို ဟစ်ခေါ်တသနေကြခြင်းမဟုတ်ပါ။ စင်စစ် ထိုအရှင်မြတ်သည် အသင်တို့နှင့် အတူရှိနေတော်မူသလို၊ ထိုအရှင်မြတ်သည် မုချ အကြွင်းမဲ့ကြားတော်မူသောအရှင်၊ အလွန်နီးကပ်စွာရှိတော်မူသောအရှင်ဖြစ်တော်မူသည်။ ”

(၂၃)[1]

(၂၃) ခရီးသွားစဉ်ညအချိန် ခရီးသွားခြင်း၊ အထူးသဖြင့် ညဦးပိုင်းတွင် ခရီးသွားခြင်း မွတ်စ်သဟာဗ် ဖြစ်သည်။ တမန်တော်မြတ် (صلى الله عليه وسلم) မိန့်ကြားတော်မူခဲ့သည်။

««عَلَيْكُمْ بِالدُّلْجَةِ؛ فَإِنَّ الْأَرْضَ تُطْوَى بِاللَّيْلِ» [24].

“ အသင်တို့ ညအ ချိန် ခရီးသွားပါ။ ကေန်အမှန်ပင် မြေပထဝီသည် ညအချိန်၌ ခေါက်လိပ်ခြင်းခံရသည်။ ” (၂၄)[2]

---

1 အဗူဒါဝူဒ်ကျမ်း၊ ဟဒီးစ်အမှတ် (၂၅၇၁)

2 မွတ်စ်နဒ် အဟ်မဒ်ကျမ်း၊ ဟဒီးစ်အမှတ် (၁၀၇၇၁)

(၂၄) ခရီးသွားသူသည် လမ်းခရီး၌ ဒုအာများမြောင်စွာ တောင်းခြင်း မွတ်စ်သဟာဗ်ဖြစ်သည်။ တမန်တော်မြတ် ( صلى الله عليه وسلم ) မိန့်ကြားတော်မူခဲ့သည်။

«ثَلَاثُ دَعَوَاتٍ مُسْتَجَابَاتٌ لَا شَكَّ فِيهِنَّ: دَعْوَةُ الْمَظْلُومِ، وَدَعْوَةُ الْمُسَافِرِ، وَدَعْوَةُ الْوَالِدِ عَلَى وَلَدِهِ» [25].

"သုံးခုသော တောင်းဆုဒုအာသည် သံသယမရှိ လက်ခံခြင်းခံရသည်။ မတရားညှင်းပန်းနှိပ်စက်ခြင်းခံရသူ၏ ဒုအာ၊ ခရီးသည်၏ ဒုအာနှင့် ဖခင်က မိမိသားသမီးအတွက် တောင်း ခံပေးသည့် ဒုအာ တို့ဖြစ်သည်။" (၂၅)[1]

***

## ဒုတိယ - လမ်းခရီး၌ သွဟာရသ် သန့်ရှင်းစင်ကြယ်မှုပြုခြင်း။

ခရီးသွားသူသည် သွဟာရသ် သန့်ရှင်းစင်ကြယ်မှုကို အလေးထားရမည်။ ထို့ကြောင့် 'ဟဒတ်စ်အတ်စ်ဂရ်' ဝုဿူမရှိလျှင် ဝုဿူပြုရမည်ဖြစ်ပြီး ဂျနာဗသ် (ကိုယ်မသန့်)ဖြစ်လျှင် ရေချိုးရမည်။

[1] မွတ်စ်နဒ် ဗဇ္ဇားရ်ကျမ်း၊ ဟဒီးဆ်အမှတ် (၁၀၀၆၈)

အကယ်၍ ရေမရရှိပါက သို့မဟုတ် ၎င်းနှင့်အတူ ရေအနည်း

ငယ်သာရှိပြီး ထိုရေအား အစားအစာချက်ပြုတ်ရန်နှင့် သောက်သုံးရန် လိုအပ်ပါက ၎င်းအနေဖြင့် သယမ္မုမ်ပြုလုပ်ရမည်။

သယမ္မုမ်ပြုနည်းမှာ - မြေကြီးအား မိမိ၏ လက်နှစ်ဘက်ဖြင့် ပုတ်ပြီး ထိုလက်နှစ်ဘက်ဖြင့် မိမိ၏ မျက်နှာနှင့် လက်ဖမိုးနှစ်ခုအား မစပ်ပြုပွတ်သတ်ခြင်း ပြုရမည်။

သယမ္မုမ်ဖြင့် သန့်စင်မှုပြုခြင်းသည် အချိန်ကန့်သတ်ချက်ရှိသော သွဟာရသ်ဖြစ်သည်။ မည်သည့်အချိန်မဆိုရေရရှိပါက ထိုသွဟာရသ်မှာ ပျက်သွားပြီး ၎င်းအနေဖြင့် ဝုဿူ ပြုလုပ်ရန် တာဝန်ရှိသွားပြီ ဖြစ်သည်။

အကယ်၍ ဂျနာဗသ် ကိုယ်မသန့်ဖြစ်သည့်အတွက် သယမ္မုမ်ပြုထားခြင်းဖြစ်လျှင် ရေရရှိသည့်အခါ ရေချိုးရန် တာဝန်ရှိသည်။ အကယ်၍ အိမ်သာတက်ပြီးနောက် သယမ္မုမ်ပြုလုပ်ထားခြင်းဖြစ်ပါက ရေရရှိသည့်အခါ ဝုဿူပြုလုပ်ရမည်။ ဟဒီးဆ်တော်၌လာရှိသည်။

«الصَّعِيدُ الطَّيِّبُ وَضُوءُ المُسْلِمِ وَإِنْ لَمْ يَجِدِ المَاءَ عَشْرَ سِنِينَ، فَإِذَا وَجَدَ المَاءَ فَلْيَتَّقِ اللَّهَ، وَلْيُمِسَّهُ بَشَرَتَهُ» [26].

"သန့်ပြန့်သောမြေကြီးသည် မွတ်စ်လင်မ်တစ်ဦးအတွက် ဝုဇူပြင်ဖြစ်သည်။ အကယ်
၍ ၎င်းသည် ဆယ်နှစ်တိုင် ရေရှာမရခဲ့သည်ဖြစ်ပါစေ။ ၎င်း
အနေဖြင့်
ရေပြန်လည်ရရှိသည့်အခါ အလ္လာဟ်အရှင်မြတ်အား အကြောက်တရားထားကာ မိမိ၏ အရေပြားကို ရေဖြင့်ထိတွေ့စေရမည်။" (၂၆)[1]

ခြေစွပ်အပေါ်၌ မစဟ်လုပ်ခြင်းသည် ကုရ်အာန်ကျမ်းမြတ်၊ စွန္နသ်တော်နှင့် အဟ်လေ စွန္နသ်တို့၏ အိဂ်ျမာအ် ( တညီတညွတ်တည်းအဆို ) အရ ပြုပိုင်ခွင့်ရှိသည်။

သားရေခြေစွပ်နှင့် ၎င်းကဲ့သို့ အရာများပေါ်တွင် မစဟ်လုပ်ရန်အတွက် စည်းကမ်းချက်များ သတ်မှတ်ထားသည်။

(၁) သားရေခြေစွပ်နှင့် ရိုးရိုးခြေစွပ်များသည် သန့်ရှင်းစင်ကြယ်မှုရှိပြီး ခွင့်ပြုထားသည့် အရာဖြစ်ရမည်။

[1] ဗုခါရီကျမ်း၊ ဟဒီးဆ်အမှတ် (၁၈၀၄) /မွတ်စ်လင်မ်ကျမ်း၊ ဟဒီးဆ်အမှတ် (၁၉၂၇)

(၂) ခြေစွပ်နှစ်ဘက်ကို ဝုဿွူပြုပြီးနောက် ဝတ်ဆင်ထားခြင်းဖြစ်ရမည်။

(၃) ခြေစွပ်သည် ဝုဿွူပြုရာတွင် ဆေးကြောရမည့် ခြေထောက်၏ ဖရ်သွ် အစိတ်အပိုင်းများ အားလုံးကို ဖုံးအုပ်ထားရမည်။

(၄) မစဟ်ကို ဟဒတ်စ်အတ်စ်ဂရ် (ဝုဿွူပြုရန် တာဝန်ထိုက်စေသော မသန့်ဖြစ်ခြင်း)အတွက်သာ ပြုလုပ်ခွင့်ရှိသည်။ ဂျနာဗသ် (ကိုယ်မသန့်ခြင်း)နှင့် အခြားရေချိုးရန် တာဝန်ထိုက်စေသော မသန့်ဖြစ်သည့်အခါ မစဟ်ပြုခွင့်မရှိပါ။

(၅) မစဟ်လုပ်ခြင်းသည် တရားတော်အရ သတ်မှတ်ထားသော အချိန်အတွင်း၌သာ ဖြစ်ရမည်။ ၎င်းမှာ မုကီးမ် (မိမိနေရပ်တွင်ရှိသူ) အတွက် တစ်ရက်နှင့် တစ်ညဖြစ်ပြီး၊ ခရီးသည် အတွက် သုံးရက်နှင့် သုံးညဖြစ်သည်။ ထိုအချိန်ကာလသည်

အမှန်ကန်ဆုံးအဆိုအရ ဝုဿွူပျက်ပြီးနောက် ပထမဆုံးအကြိမ် ပြုလုပ်လိုက်သည့် မစဟ်မှ စတင်သည်။ ထိုအချိန်မှစ၍ မုကီးမ်အတွက် (၂၄)နာရီ အကြာတွင် မစဟ်ပြုခွ

င့် ကုန်ဆုံးပြီး၊ ခရီးသည်အတွက် (၇၂)နာရီ အကြာတွင်ကု
န်ဆုံးသည်။

ခြေစွပ်ပေါ် မစဟ်ပြုခြင်းသည် အချက်သုံးချက်ထဲမှ
တစ်ချက်ချက်ကြောင့် ပျက်သွားသည်။

(၁) ဂုနာဗသ် ကဲ့သို့ ရေချိုးရန်တာဝန်ထိုက်စေသည့် အ
ချက်ပေါ်ပေါက်လာသောအခါ မစဟ်မှာ ပျက်သွားပြီး မဖြ
စ်မနေ ရေချိုးရန် အရေးကြီးသည်။

(၂) မစဟ်ပြုပြီးနောက် ခြေစွပ်ကိုချွတ်လိုက်သည့်အခါ
။

(၃) တရားတော်အရ သတ်မှတ်ထားသည့် အချိန်ကာ
လ ကုန်ဆုံးသွားသည့်အခါ မစဟ် ပျက်သွားသည်။

***

## တတိယ - ခရီး၌ ဆွလာသ်ကို ကဆွရ် (အတိုချုံး) ဖတ်ခြင်းဆိုင်ရာ အမိန့်ပညတ်ချက်များ။

ခရီး၌ ဆွလာသ်ကို ကဆွရ်ပြု၍ ဖတ်ခြင်းသည် အပြည့်
ဖတ်ခြင်းထက် ပို၍ ကောင်းသည်။ သို့

သော် ခရီးသည်သည် လေးရကအသ် ဆွလာသ်ကို
လေးရကအသ်လုံးအပြည့် ဝတ်ပြုလိုက်လျှင် ၎င်း၏ ဆွ

လာသ်သည် အထမြောက်သွားသော်လည်း ပို၍ ကောင်းမြ
တ်သည့် အရာနှင့် ဆန့်ကျင်
ဘက်ပြုလိုက်ခြင်းဖြစ်သည်။

ခရီးသွားသူသည် မိမိ၏ ကျေးရွာ သို့မဟုတ် မြို့၏ အိမ်များအားလုံးကို ကျော်လွန်သွားပါက ကဆွဲရ်လုပ်ရမည်ဖြစ်သည်။ ဤသည် ပညာရှင်အများစု၏ ရပ်လမ်းစဥ်ဖြစ်သည်။

ဆွလာသ်အချိန်ဝင်ပြီးမှ ခရီးထွက်ခြင်းဖြစ်လျှင် ၎င်းအနေဖြင့် ဆွလာသ်ကို ကဆွဲရ်လုပ်၍ ဝတ်ပြုရမည်။ အဘယ်ကြောင့်ဆိုသော် ဆွလာသ်အ
ချိန်မကုန်ဆုံးမီ ခရီးထွက်ခဲ့သောကြောင့်ဖြစ်သည်။။

အကယ်၍ ခရီသွားသူသည် ခရီးဆက်သွားရန် အရေးတကြီးလိုအပ်ပြီး ခရီးတဆက်တည်း သွားနေရလျှင် လိုအပ်ပါက ဇုဟုရ်နှင့် အဆွရ်ကို ပေါင်း၍ ဝတ်ပြုခြင်း၊ မဂ်ရိဗ်နှင့် အီရှာကို ပေါင်း၍ ဝတ်ပြုခြင်းမှာ စွန္နသ်ဖြစ်သည်။ ထိုသို့ ပေါင်း၍ ဝတ်ပြုရာတွင် အချိန်စောစီးစွာ ပေါင်းဖတ်ခြင်း ( ဥပမာ- ဇုဟိုရ်နှင့် အဆွရ်ကို ဇုဟိုရ်အချိန်၌ ဖတ်ခြင်း၊ မဂ်ရိဗ်နှင့် အီရှာကို မဂ်ရိဗ်အချိန်၌ ဖတ်ခြင်း) သို့မဟုတ် အချိန်

နောက်ကျမှ ပေါင်းဖတ်ခြင်း (ဥပမာ- ဇုဟိုရ်နှင့် အဆွရ်ကို အဆွရ်အချိန်၌ ဖတ်ခြင်း၊ မဂ်ရိဗ်နှင့် အီရှာကို အီရှာအချိန်၌ဖတ်ခြင်း) စသည်ဖြင့် မိမိအဆင်ပြေသလို ပေါင်း၍ ဝတ်ပြုနိုင်သည်။

ခရီးသည် အနေဖြင့်

ဆွလာသ်နှစ်ခုကို ပေါင်း၍ ဝတ်ပြုရန် မလိုအပ်ပါက ပေါင်း၍ဝတ်မပြုရပါ။ ပမာအားဖြင့် ခရီးသွားသူသည် နေရာတစ်ခုတွင် စခန်းချရပ်နားပြီး နောက်ဆွလာသ်အချိန်ဝင်ရောက်ပြီးမှသာ ထိုနေရာမှ ထွက်ခွါရန် ရည်ရွယ်ထားလျှင် ဆွလာသ်နှစ်ကြိမ်ကို ပေါင်း၍ ဝတ်မပြုခြင်းမှာ အကောင်းဆုံးဖြစ်သည်။ အ ဘယ် ကြောင့်ဆိုသော် ထိုသို့ပေါင်း၍ ဝတ်ပြုရန် မလိုအပ်သည့်အတွက်ဖြစ် သည်။ ထို့ကြောင့်ပင် တမန်တော်မြတ် (صلى الله عليه وسلم)သည် ဟဂ်ျဂျသွလ်ဝဒါအ်တွင် မိနာ၌ စခန်းချတည်းခိုနေစဉ် ဆွလာသ်နှစ်ကြိမ်ကို ပေါင်း၍ မဝတ်ပြုခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် ထိုသို့ပြု လုပ်ရန် မလိုအပ်သည့်အတွက် ဖြစ် သည်။

နဖိလ်ဆွလာသ်နှင့်ပတ်သတ်၍ မုကီးမ် ဝတ်ပြုသည့် နဖိလ်ဆွလာသ်များကို ခရီးသည်လည်း ဝတ်ပြုနိုင်

သည်။ သို့ဖြစ်၍ ခရီးသည် အနေဖြင့် ဒုဟာ (နေတက်ပြီးနောက် ဝတ်ပြုသည့်) ဆွလာသ်၊ သဟတ်ဂျုဒ်ဆွလာသ်၊ ဝသိရ်ဆွလာသ်နှင့်အခြား နဖိလ်ဆွလာများကို ဝတ်ပြုနိုင်သည်။ သို့သော် ဇုဟိုရ်၊ မဂ်ရိဗ်နှင့် အီရှာဆွလာသ်များတွင်ရှိသော စွန္နသ်ဆွလာသ်များကို ဝတ်မပြုခြင်းမှာ စွန္နသ်ဖြစ်သည်။

ခရီးသွားစဉ် လေ ယာဉ်၊ ကား၊ သင်္ဘော အစရှိသည့်အစီး အနင်းများပေါ်တွင် (ထိုင်လျှက်) နဖိလ်ဆွလာသ် ဝတ်ပြုခွင့်ရှိသည်။ ဖရသ္ဍ် ဆွလာသ်များကိုမူ အစီးအနင်းပေါ်မှဆင်း၍ ဝတ်ပြုရန်အရေးကြီးသည်။ မတတ်နိုင်သည့်အခြေအနေမျိုးတွင်သာ အစီးအနင်းများပေါ်တွင် ဝတ်ပြုခွင့်ရှိသည်။

မုကီးမ်၏ နောက်လိုက်အဖြစ် ဝတ်ပြုသော ခရီးသည်၏ ဆွလာသ်သည်မှန်ကန်သည်။ ထိုသို့ ဝတ်ပြုပါက ခရီးသည်သည် မိမိ၏ အိမာမ်ရှေ့ဆောင်အတိုင်း ဆွလာသ်ကို ရကအသ်အပြည့်ဝတ်ပြုရမည်။ ခရီးသည်သည် မုကီးမ်အီမာမ်နှင့်အတူ ဆွလာသ်အစအဆုံး မီသည်ဖြစ်စေ၊ သို့မဟုတ် တစ်ရကအသ်သာ မီသည်ဖြစ်စေ၊ သို့မဟုတ် ထို့ထက်

နည်းသည်ဖြစ်စေ၊ နောက်ဆုံး စလာမ်မလှည့်မီ နောက်ဆုံး သရှဟုဒ်ကိုမီခဲ့သည်ဖြစ်စေ ဆွလာသ်ကို ရကအသ် အပြည့်ဝတ်ပြုရမည်။ ဤသည်သာ ပညာရှင်တို့၏ အဆိုနှစ်ခုအနက် အမှန်ကန်ဆုံးအဆိုဖြစ်သည်။

***

## စတုတ္ထ - ဟဂ်ျ၊ အွမ်ရာ သို့မဟုတ် ခရီးမှ ပြန်လာရာတွင် လိုက်နာရမည့် စည်းကမ်းများ

ခရီးမှ အလျှင်အမြန် ပြန်လာသင့်ပြီး မလိုအပ်ဘဲ ခရီးတွင် အချိန်ကြာမြင့်စွာ မနေထိုင်သင့်ပါ။ တမန်တော်မြတ် (صلى الله عليه وسلم)မိန့်ကြားတော်မူသည်။

«السَّفَرُ قِطْعَةٌ مِنَ الْعَذَابِ، يَمْنَعُ أَحَدَكُمْ طَعَامَهُ وَشَرَابَهُ وَنَوْمَهُ، فَإِذَا قَضَى نَهْمَتَهُ فَلْيُعَجِّلْ إِلَى أَهْلِهِ» [27].

" ခရီးသည် အဇားဗ်ပြစ်ဒဏ်၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး အသင်တို့အနက်တစ်ဦးတစ်ယောက်၏ စားခြင်း၊ သောက်ခြင်း၊ အိပ်ခြင်းတို့ကို ပျက်ပြားစေသည်။ ထို့ကြောင့် လူတစ်ဦးသည် မိမိ၏ ခရီး သွားရသည့် ရည် ရွယ်ချက်ကို ပြီး

မြောက်အောင် ဆောင်ရွက်ပြီးပါက မိသားစုထံ အမြန်ဆုံး ပြန်သွားကြပါ။ ” (၂၇)[1]

မိမိမြို့သို့ ပြန်ရန် ရည်ရွယ်ချက်ဖြင့် အစီးအနင်းစီးသည့် အခါ ခရီး၏ ဒုအာကိုရွတ်ဆိုပြီးနောက်၊ ဤဒုအာကိုပါရွတ် ဆိုရမည်။

«آيِبُونَ تَائِبُونَ عَابِدُونَ لِرَبِّنَا حَامِدُونَ» [28].

(آيِبُونَ تَائِبُونَ عَابِدُونَ لِرَبِّنَا حَامِدُونَ) အဓိပ္ပါယ် - ကျွန် တော်မျိုး တို့သည် (ခရီးမှ) ပြန်လာကြသူများ၊ သောင်ဗဟ်အများဝန် ခံသူများ၊ အိဗာဒသ် ခဝပ်ကိုး ကွယ်မှုပြုသူများ၊ ကျွန် တော် မျိုးတို့အား မွေးမြူဖန်ဆင်းတော်မူသော အရှင်မြတ်အား ချီးမွမ်းထောမနာပြုကြသူများ ဖြစ်ကြပါသည်။ (၂၈)[2]

ခရီးသည်တစ်ဦးသည် ခရီးမှပြန် လာနေစဉ် အောက်ပါ စွန္နသ်တော်လာ ဒုအာကို ရွတ်ဖတ်ခြင်းမှာ မွတ်စ်သဟာဗ်ဖြ စ်သည်။ တမန်တော်မြတ် (صلى الله عليه وسلم) သည် စစ်ပွဲဖြ စ်စေ၊ ဟဂ်ျနှင့် အွမ်ရာခရီးမှဖြစ်စေ ပြန်လာသည့်အခါတွင်

---

[1] ဗုခါရီကျမ်း၊ ဟဒီးဆ်အမှတ် (၁၇၉၇) / မွတ်စ် လင်မ်ကျမ်း၊ ဟဒီးစ်အမှတ် (၁၃၄၂)

[2] ဗုခါရီကျမ်း၊ ဟဒီးဆ်အမှတ် (၄၁၁၆)

ကုန်းမြင့်ပေါ်တက်တိုင်း ( اللهُ أَكْبَرُ ) 'အလ္လာဟု အက်ဗရ်' သုံးကြိမ်ဆိုသည်။ထို့နောက် အောက်ပါဒုအာကို ရွတ်ဖတ်တော်မူသည်။

«لَا إِلَهَ إِلَّا اللهُ، وَحْدَهُ لَا شَرِيكَ لَهُ، لَهُ الْمُلْكُ، وَلَهُ الْحَمْدُ، وَهُوَ عَلَى كُلِّ شَيْءٍ قَدِيرٌ، آيِبُونَ، تَائِبُونَ، عَابِدُونَ، سَاجِدُونَ، لِرَبِّنَا حَامِدُونَ، صَدَقَ اللهُ وَعْدَهُ، وَنَصَرَ عَبْدَهُ، وَهَزَمَ الْأَحْزَابَ وَحْدَهُ».

لَا إِلَهَ إِلَّا اللهُ، وَحْدَهُ لَا شَرِيكَ لَهُ، لَهُ الْمُلْكُ، وَلَهُ الْحَمْدُ، وَهُوَ عَلَى كُلِّ» شَيْءٍ قَدِيرٌ، آيِبُونَ، تَائِبُونَ، عَابِدُونَ، سَاجِدُونَ، لِرَبِّنَا حَامِدُونَ، صَدَقَ اللهُ وَعْدَهُ، وَنَصَرَ عَبْدَهُ، وَهَزَمَ الْأَحْزَابَ وَحْدَهُ»[1].

အဓိပ္ပါယ် - အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားခဝပ်ကိုးကွယ်ခံထိုက်သောအရှင်မရှိပါ။ အရှင်မြတ်သည် တစ်ဆူတည်းဖြစ်တော်မူပြီး၊ အရှင်မြတ်နှင့် တုဖက်နှိုင်းယှဉ်ကိုးကွယ်ရာအရှင်ဟူ၍ မရှိပါ။ စိုးပိုင်ခြင်းဟူသ၍
သည် အရှင်မြတ်အဖို့သာလျှင်ဖြစ်ပြီး၊ ချီးမွမ်းထောမနာပြုခြင်းဟူသမျှသည်လည်း အရှင်မြတ်အဖို့သာလျှင်ဖြစ်တော်မူပါသည်။ ထိုအရှင်မြတ်သည် အရာရာတိုင်း အပေါ်တွင် အလွန် စွမ်းဆောင် နိုင်တော်မူသောအရှင် ဖြစ်တော်မူသည်။ ကျွန်တော်မျိုးတို့သည် (ခရီးမှ) ပြန်လာကြသူများ၊

[1] ဗုခါရီကျမ်း၊ ဟဒီးဆ်အမှတ် ( ၁၇၉၇ )/မွတ်စ်လင်မ်ကျမ်း၊ ဟဒီးဆ်အမှတ် (၁၃၄၂)

သောင်ဗဟ်အများဝန်ခံသူများ၊ အိဗာဒသ် ခဝပ်ကိုး ကွယ်မှု ပြုသူများ၊ ကျွန်တော်မျိုးတို့အား မွေး မြူဖန်ဆင်းတော်မူ သော အရှင်မြတ်အား ချီးမွမ်းထောမနာပြုကြသူများ ဖြစ်ကြပါသည်။ အလ္လာဟ်အရှင်မြတ်သည် မိမိ၏ ကတိတော်အား တည်စေတော်မူခဲ့၏။ ထို့ပြင် မိမိ၏ ကျေးကျွန်အား ကူညီစောင်မတော်မူခဲ့၏။ အ ရှင်မြတ် တစ် ပါးတည်းသာ လျှင် ရန်သူ့တပ်များအား ရှုံးနိမ့်စေတော်မူသော အရှင်ဖြစ်ပါသည်။

မိမိမြို့ကို မြင်တွေ့သောအခါ အောက်ပါဒုအာကိုရွတ် ဖတ်ခြင်းမှာ မွတ်စ်သဟာဗ်ဖြစ်သည်။

«آيِبُونَ تَائِبُونَ عَابِدُونَ لِرَبِّنَا حَامِدُونَ» [30]،

(آيِبُونَ تَائِبُونَ عَابِدُونَ لِرَبِّنَا حَامِدُونَ) အဓိပ္ပါယ် - ကျွန် တော်မျိုးတို့သည် (ခရီးမှ) ပြန်လာကြသူများ၊ သောင်ဗဟ်အများဝန်ခံသူများ၊ အိဗာဒသ် ခဝပ်ကိုးကွယ်မှုပြုသူများ၊ ကျွန် တော်မျိုးတို့အား မွေးမြူဖန်ဆင်းတော်မူသော အရှင်မြတ်အား ချီးမွမ်းထောမနာပြုကြသူများ ဖြစ်ကြပါသည်။ (၃၀)[1] ဤ ဒုအာကို မိမိမြို့သို့ ဝင်ရောက်သည်အထိ အကြိမ်ကြိမ် ရွ

[1] မွတ်စ်လင်မ်ကျမ်း၊ ဟဒီးဆ်အမှတ် (၇၁၅)

တ်ဖတ်နေရမည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြ တ် (صلى الله عليه وسلم)သည် ထိုသို့ပြုလုပ်တော်မူခဲ့သည်။

ကြာမြင့်စွာခရီး သွားပြီးနောက်

မိသားစုအား ကြိုတင်အသိပေးထားခြင်းမရှိပါက မလို အပ်ဘဲ ည အချိန်အိမ်သူ အိမ်သားများထံ ဝင်ရောက်ခြင်း မပြုရပါ။ သို့သော် ၎င်းတို့အား မိမိညအချိန်ပြန်ရောက်မ ည့်အကြောင်း ကြို တင် သတင်းပို့ထားလျှင် ကိစ္စမရှိပေ။ ထိုသို့ ဝင်ရောက်ခြင်းကို တမန်တော်မြတ် (صلى الله عليه وسلم)က တားမြစ်တော်မူခဲ့သည်။ ဂျာဗိရ် ဗင်န် အဗ်ဒွလ္လာဟ် က ဆင့်ပြန်ပြောကြားခဲ့သည်။

«نَهَى رَسُولُ اللهِ صلى الله عليه وسلم أَنْ يَطْرُقَ الرَّجُلُ أَهْلَهُ لَيْلًا» [31]،

" တမန်တော်မြတ် (صلى الله عليه وسلم)သည် လူတစ်ဦး (ခရီးကြာမြင့်စွာထွက်ပြီးနောက်) မိမိ၏ အိမ်သူ အိမ်သားများထံ ညအချိန်(ရုတ်တရက်)ပြန်လာခြင်းမှ တားမြစ်တော်မူခဲ့၏။ " (၃၁)[1] ထိုသို့တားမြစ်ရခြင်း၏ ဟိကမ်မသ်တ

---

[1] (الشعثة) ဟူသည် ခေါင်းလိမ်းဆီနှင့် ဘီးကို အချိန်ကြာမြင့်စွာ အသုံးမပြုခဲ့သည့် အမျိုးသမီး။ (الاستحداد) ဟူသည် (အမွေးအမျှင်များရှင်းလင်းရာတွင်သုံးသော ဓားကဲ့သို့) သံဖြင့် ပြုလုပ်ထားသောအရာကို အသုံးပြုခြင်း။ (المغيبة) ဟူသည် ခင်ပွန်းနဲ့ အချိန်ကြာ

စ်ခုကို အခြားဆင့်ပြန်ချက်တစ်ရပ်တွင် ရှင်းပြထားသည်မှာ -

«حَتَّى تَمْتَشِطَ الشَّعِثَةُ [32]، وَتَسْتَحِدَّ الْمَغِيبَةُ» [33]،

ဆံကေသာ ရှုပ်ပွနေသည့်အမျိုးသည် ဆံကေသာကို ဖြီးထားနိုင်မည်၊(၃၂) ခင်ပွန်းနှင့် ဝေးကွာနေသည့် အမျိုးသမီးသည် အမွေးအမျှင်များကို သန့်ရှင်းရေး လုပ်ထားနိုင်မည်။ (၃၃)[12] အခြားဆင့်ပြန်ချက်တစ်ရပ်တွင် လာရှိသည်မှာ -

«نَهَى رَسُولُ اللهِ صلى الله عليه وسلم أَنْ يَطْرُقَ الرَّجُلُ أَهْلَهُ لَيْلًا، يَتَخَوَّنُهُمْ أَوْ يَلْتَمِسُ عَثَرَاتِهِمْ» [34].

" တမန်တော်မြတ် ( صلى الله عليه وسلم )သည် လူတစ်ဦးအနေဖြင့် မိမိ၏အိမ်သူအိမ်သားများထံ(ခရီးမှ) ညအချိန် ရုတ်တရက် ပြန်လာကာ ၎င်းတို့အား အလွဲသုံးစားလုပ်သည်ဟု ထင် မြင်ခြင်း သို့မ ဟုတ် ၎င်းတို့၏ ပြစ်ချက်များကို ရှာဖွေခြင်းတို့ကို တားမြစ်တော်မူခဲ့သည်။ " (၃၄)[3]

---

မြင့်စွာ ဝေးကွာနေသည့် အမျိုးသမီး။ အိမာမ် အတ်စ်ွဗဟာနီရေးသားပြုစုသည့် သဟ်ရီးရ် ဖီရှရ်ဟိ စွဟီးဟ် မွတ်စ်လင်မ်ကျမ်း (စာ - ၂၉၂)

[1] မွတ်စ်လင်မ်ကျမ်း၊ ဟဒီးဆ်အမှတ် (၇၁၅)

[2] နစာအီကျမ်း၊ ဟဒီးဆ်အမှတ် (၉၀၉၉)

[3] မွတ်စ်လင်မ်ကျမ်း၊ ဟဒီးဆ်အမှတ် (၂၄၂၈)

ခရီးမှပြန်လာသူသည် မိမိ၏အနီးနားရှိ ဗလီသို့ ဦးစွာသွားရောက်ကာ ထိုဗလီ၌ ဆွလာသ်နှစ်ရကအသ် ဝတ်ပြုခြင်းမှာ မွတ်စ်သဟာဗ်ဖြစ်သည်။ တမန်တော်မြတ် (صلى الله عليه وسلم)သည် ဤအတိုင်းပင်ပြုလုပ်တော်မူခဲ့သည်။

ခရီးသွားသူသည် ခရီးမှပြန်ရောက်သည့်အခါ မိမိအိမ်ရှိ ကလေးငယ်များနှင့် အိမ်နီးချင်းများ၏ ကလေးငယ်များကို ကြင်နာယုယစွာ ဆက်ဆံခြင်း၊ ၎င်းတို့ မိမိအား လာရောက်ကြိုဆိုသည့်အခါ ကောင်းမွန်စွာ ဆက်ဆံခြင်းတို့မှာ မွတ်စ်သဟာဗ်ဖြစ်သည်။ အိဗ်နေ အဗ္ဗားစ် ( رضي الله عنه )ကဆင့်ပြန်ပြောကြားခဲ့၏။ “တမန်တော်မြတ် ( صلى الله ع ليه وسلم ) မက္ကဟ်သို့ ရောက်လာသည့်အခါ ဗနီအဗ်ဒုလ်မွသ်သွလိဗ်မျိုးနွယ်ဝင် ကလေးငယ်လေးများသည် ကိုယ်တော့်အား ကြိုဆိုခဲ့ကြသည်။ ကိုယ်တော်သည် ထိုကလေးများအနက်မှ တစ်ဦးကို မိမိ၏ အရှေ့ဘက်တွင်ချီ၍ နောက်ကလေးငယ်တစ်ဦးကို ကျောပိုးတော်မူခဲ့သည်။” အဗ်ဒုလ္လာဟ် ဗင်န် ဂျအ်ဖရ်က ဆင့်ပြန်ပြောကြားခဲ့သည်။

"كَانَ النَّبِيُّ صلَّى الله عليه وَسَلَّمَ إِذَا قَدِمَ مِنْ سَفَرٍ تُلُقِّيَ بِنَا، قَالَ: فَتُلُقِّيَ بِي وَبِالْحَسَنِ أَوْ بِالْحُسَيْنِ، قَالَ: فَحَمَلَ أَحَدَنَا بَيْنَ يَدَيْهِ وَالْآخَرَ خَلْفَهُ حَتَّى دَخَلْنَا الْمَدِينَةَ" [35].

"တမန်တော်မြတ် ( صلى الله عليه وسلم )သည် ခရီးမှပြန်လာသည့်အခါ ( မိသားစုဝင်များက )ကျွန်တော်တို့ကို တမန်တော်မြတ်ထံ ခေါ်ဆောင်လာပြီး တွေ့ဆုံစေတယ်။ ကျွန်တော်နှင့် ဟစန် (သို့မဟုတ်) ဟူစိုင်းန်ကို (ကိုယ်တော့်အား ကြိုဆိုရန်) တမန်တော်မြတ်ထံ ခေါ်ဆောင်သွားသည့်အခါ တမန်တော်မြတ် ( صلى الله عليه وسلم )သည် ကျွန်တော်တို့အနက်မှတစ်ဦးကို မိမိ၏ရှေ့ဘက်တွင်ချီ၍ နောက်တစ်ဦးကို မိမိ၏ နောက်ဘက်တွင် ကျောပိုးတော်မူခဲ့သည်။ နောက်ဆုံး ကျွန်တော်တို့ဟာသည် မဒီနဟ်သို့ ( ၃ဦးအတိုင်းပင်) ဝင်ရောက်လာခဲ့ကြတယ် )။ ( ၃၅ )[1]

လက်ဆောင်ပေးခြင်းသည် စိတ်

နှလုံးသားများကို ကျေနပ်နှစ်သက်မှု ဖြစ်စေပြီး မုန်းတီးမှုကို ဖယ်ရှားပေးသောကြောင့် လက်ဆောင်ပေး

ခြင်းမှာ မွတ်စ်သဟာဗ် ဖြစ်သည်။လက်ဆောင်ကို လက်ခံခြင်း၊ ယင်းအစား တစ်ခုခုပြန်ပေးခြင်းမှာ မွတ်စ်သဟာဗ်

[1] မိုင်ဟာကီကျမ်း၊ ဟဒီးဆ်အမှတ် (၁၁၉၄၆)

ဖြစ်သည်။ တရားတော်အရ တားမြစ်ထားသည့် အကြောင်းတစ်စုံ

တစ်ရာမရှိဘဲ လက်ဆောင်ကို လက်မခံဘဲပြန်ပေးခြင်းမှာ မက်ရှူဟ်ဖြစ်သည်။ ထို့ကြောင့်ပင် တမန်တော်မြတ် (صلى الله عليه وسلم)က

«تَهَادُوا تَحَابُّوا» [36].

"အသင်တို့ အချင်း ချင်း လက်ဆောင်ပေးကမ်းကြပါ။ အသင်တို့ကြားတွင် ချစ်ခင်မှု တိုးပွားလာမည်"ဟု မိန့်ကြားတော်မူခဲ့ခြင်းဖြစ်သည်။ (၃၆)[1] ထိုပြင်လက် ဆောင်ပေးခြင်းသည် မွတ်စ်လင်မ်များအကြား ချစ် ခင်ရင်းနှီးမှုကို ဖြစ်စေသည့်အကြောင်းအရင်းများအနက်မှ တစ်ခုဖြစ်သည်။

ခရီးသည်သည် မိမိ၏ နေရပ်သို့ပြန်ရောက်သည့်အခါ၌ မုအာနကဟ် (တစ်ဦးနှင့် တစ်ဦးလည်ပင်းခြင်းထိကပ်ကာ ပွေ့ဖက်နှုတ်ဆက်ခြင်း) မှာ မွတ်စ်သဟာဗ်ဖြစ်သည်။ ဤသည်နှင့် ပတ် သက်၍ တမန်တော်မြတ် (صلى الله عليه وسلم)၏ သာဝကြီးများထံမှ အတည်ပြုချက်များ လာရှိထား သည်။ အနတ်စ် (رضي الله عنه)က ပြောပြခဲ့သည်။ "တမန်တော်မြ

[1] သွဗ်ရာနီကျမ်း၊ ဟဒီးဆ်အမှတ် (၉၇)

တ် (صلى الله عليه وسلم)၏ သာဝကကြီးများသည် တစ်ဦးနှင့် တစ်ဦး တွေ့ဆုံသည့်အခါ လက်ဆွဲနှုတ်ဆက်ကြပြီး၊ ခရီးမှ ပြန်ရောက်လာသော အခါ မုအာနကဟ် လုပ်ကြသည်။” ( ၃၇)[1]

ကျွန်ုပ်တို့၏ နဗီ တမန်တော် မုဟမ္မဒ်အပေါ်သို့ အလ္လာဟ်အရှင်မြတ်ဘက်တော်မှ ကောင်းချီးမင်္ဂလာနှင့် ငြိမ်းချမ်းသာယာမှုများ ကျရောက်ပါစေ။

---

1 ဗုခါရီကျမ်း၊ ဟဒီးဆ်အမှတ် (၃၁၁၆) / မွတ်စ်လင်မ်ကျမ်း၊ ဟဒီးဆ်အမှတ် (၁၀၀)

# မာတိကာ

ခရီးသွားခြင်းဆိုင်ရာ စည်းကမ်းများနှင့် အမိန့်ပညတ်ချက်များ ..........2
ပထမ - ခရီးသွားခြင်းဆိုင်ရာ စည်း ကမ်းချက်များ.................................3
ဒုတိယ - လမ်းခရီး၌ သွပဟာရသ် သန့်ရှင်းစင်ကြယ်မှုပြုခြင်း။.........25
တတိယ - ခရီး၌ ဆွလာသ်ကို ကဆွရ် (အတိုချုံး) ဖတ်ခြင်းဆိုင်ရာ အမိန့်ပညတ်ချက်များ။ ......................................................................29
စတုတ္ထ - ဟဂ်ျ၊ အွမ်ရာ သို့မဟုတ် ခရီးမှ ပြန်လာရာတွင် လိုက်နာရမည့် စည်းကမ်းများ ...................................................................33

my401v3.0 - 06/09/2026